

# မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ

ဇူလိုင် – ဒီဇင်ဘာ ၂၀၁၄

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် – မြန်မာနိုင်ငံ

## ကျေးဇူးတင်မှတ်တမ်း

လုံခြုံရေးအန္တရာယ် ရှိသည့်တိုင် အမှန်တရားကို ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုပေးခဲ့သူများနှင့် ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စွန့်စွန့်စားစား အချက်အလက်ကောက်ယူပေးခဲ့သော ကွင်းဆင်းသတင်း ကောက်ယူသူအားလုံးအား ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာအား တည်းဖြတ်ပေးသော နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်းမှ စေတနာ့ဝန်ထမ်းများအား အထူးကျေးဇူးတင်အပ်ပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် အထောက်အပံ့ပေးခဲ့သည့် Open Society Foundation ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း။

*Cover photo*: HURFOM, victims of past related HRV
*Back cover photo*: HURFOM, Confiscated land, Mon state

*Published by* Network for Human Rights Documentation - Burma
March, 2015

GPO 315, Chiang Mai 50000, Thailand
T/F - +66 (0) 53 408 149
office@nd-burma.org, www.nd-burma.org

# နိဒါန်း

လူ့အခွင့်အရေးကွန်ရက်(မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတနံအလျားတွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လက်လှမ်းမီသမျှ အစဉ်တစိုက် လေ့လာစောင့်ကြည့်နေပါသည်။

ယခုထုတ်ပြန်လိုက်သည့် အစီရင်ခံစာသည် ၂၀၁၄ ခုနှစ် ဒုတိယနှစ်ဝက်ဖြစ်သည့် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ကွန်ရက်မှ အထောက်အထားခိုင်လုံစွာ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ၁၀၇ ခုကို ထုတ်နှုတ် အစီရင်ခံတင်ပြထားခြင်းဖြစ်သည်။

ယခုအစီရင်ခံစာတွင် မြေယာသိမ်းဆည်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မတရားဖမ်းဆီးမှု၊ မတရားသဖြင့် အခွန်ကောက်ခံမှု၊ တရားလက်လွတ်သတ်ဖြတ်မှု၊ အတင်းအဓမ္မခိုင်းစေမှု၊ လူကုန်ကူးမှု၊ အတင်းအဓမ္မရွှေ့ပြောင်းမှု၊ အဓမ္မပြုကျင့်မှုတို့အပါအဝင် စိုးရိမ်ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မီးမောင်းထိုးတင်ပြထားပါသည်။

ယခုအစီရင်ခံစာ ထုတ်ပြန်သည့်ကာလအတွင်း မြန်မာနိုင်ငံရှိ ပြည်သူများ အထူးသဖြင့် တက်ကြွလှုပ်ရှားသူများ၊ လူ့အဖွဲ့အစည်း အသိုင်းအဝိုင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ မိသားစုဝင်များသည် ၄င်းတို့ချစ်ခင်၊ နှစ်သက်ရသည့် မိသားစုဝင်များ အမှန်တကယ် မည်သို့ဖြစ်ပျက်ခဲ့ကြသည်ကို ရဲဝံ့စွာထုတ်ဖော်လာကြသည်။

သာဓကအားဖြင့် အလွတ်သတင်းထောက် ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး မွန်ပြည်နယ်တွင် သတင်းလိုက်နေစဉ် ပျောက်ဆုံးသွားမှုမျိုးဖြစ်သည်။ အောက်တိုဘာလတွင် ယင်းကိစ္စနှင့် ပတ်သက်ပြီး ကိုပါကြီး သည် စစ်တပ်အချုပ်တွင် စစ်ကြောမေးရန် ထိန်းသိမ်းထားစဉ်၊ အစောင့်စစ်သား၏ သေနတ်ကို လုယူ၍ ထွက်ပြေးရန် ကြိုးစားသဖြင့် ပစ်ခတ်ရာမှ သေဆုံးသွားသည်ဟု မြန်မာစစ်တပ်က ထုတ်ပြန်ခဲ့သည်။[1] ထို့နောက် ကိုပါကြီး ၏ဇနီးဖြစ်သူ လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူ မသန္တာက ကိုပါကြီးနှင့်ပတ်သက်ပြီး အမှန်တရား ဖော်ထုတ်ပေးရန် စစ်တပ်ကို တောင်းဆိုခဲ့သည်။ နောက်ဆုံးတွင် မြန်မာ့လူ့အခွင့်အရေးကော်မရှင်မှ အဆိုပါ အမှုကို စုံစမ်းစစ်ဆေးရန် သဘောတူခဲ့ရသည်။ သို့သော်လည်း ကော်မရှင်၏ အစီရင်ခံစာသည် ကိုပါကြီး သေဆုံးခဲ့ခြင်းမှာ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရခြင်းကြောင့်ဖြစ်သည်ဟု ယုံကြည်ထားကြသည့် မိသားစုနှင့်တခြား လူ့အခွင့်အရေးလှုပ်ရှားသူများအတွက် ကျေနပ်စရာဖြစ်မလာခဲ့ပေ။

ထို့အပြင် ကချင်ပြည်နယ်တွင် စစ်ပွဲများပြန်ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်က ခင်ပွန်းဖြစ်သူ၊ ယောက္ခမဖြစ်သူတို့နှင့်အတူ မိုးမောက်မြို့နယ်၊ခိုင်ဘန်ရွာအနီးရှိ တောင်ယာတွင်အလုပ်လုပ်နေသည့် အသက် ၂၈ နှစ်အရွယ်

1 2014, '2014 in Burma: Bells, Bills, Bombs and Ballots', The Irrawaddy, 31 December. Available from: http://www.irrawaddy.org/.

ဆွန်လွတ်ရွှယ်ဂျာသည် ၁မရ ၃၂၁ မှ ဖမ်းဆီးခံရပြီး ပျောက်ဆုံးသွားသည်မှာ ၃ နှစ် ပြည့်လည်းဖြစ်သည်။ ခင်ပွန်းနှင့် ယောက္ခမမှာ အခင်းဖြစ်စဉ်က ထွက်ပြေးလွတ်မြောက်သွားသော်လည်း သူမမှာ စစ်တပ်ဝင်းအတွင်းသို့ ခေါ်ဆောင်သွားခြင်းခံရသည်။

ထို့နောက် ဆွန်လွတ်ရွှယ်ဂျာ၏ မိသားစုက သူမ၏ ကံကြမ္မာနှင့်ပတ်သက်ပြီး တာဝန်ရှိသူများထံ မေးမြန်းခဲ့သော်လည်း စစ်တပ်မှဖြစ်စေ၊ ဒေသခံ အရပ်ဖက်အာဏာပိုင်တို့ထံမှဖြစ်စေ မည်သို့မျှ တုန့်ပြန်ဖြေကြားခြင်း မရှိခဲ့ပေ။ အမှုနှင့် ပတ်သက်ပြီး မတ်လ ၂၀၁၂ ခုနှစ်တွင် ဆွန်လွတ်ရွှယ်ဂျာ၏ ခင်ပွန်း က တရားရုံးချုပ်သို့ တင်သွင်းခဲ့သော်လည်း ပယ်ချခြင်းခံခဲ့ရသည်။ ထို့ကြောင့် ဆွန်လွတ်ရွှယ်ဂျာပျောက်ဆုံးသွားသည့် ၃ နှစ်မြောက်နေ့တွင် သူမနှင့်ပတ်သက်ပြီး ပြည့်စုံစွာ စုံစမ်းစစ်ဆေးပေးရန်နှင့် တာဝန်ရှိသူများအားလည်း အရေးယူပေးရန်တောင်းဆိုထားသည့် စာကို အဖွဲ့အစည်းပေါင်း ၁၀၀ ကျော်ကစုပေါင်းလက်မှတ်ရေးထိုးပြီး မြန်မာအစိုးရထံ ပေးပို့ခဲ့သည်။[၂]

ကချင်ပြည်နယ်အတွင်းမှာပင် ၂၀၁၂ ခုနှစ်အတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာစစ်တပ်တို့ တိုက်ပွဲများ ဖြစ်ပွားနေစဉ် သူငယ်ချင်းများနှင့်အတူ ပုန်းအောင်းနေသည့် ဖားကန့်မြို့နယ်၊ ဆွတ်ငိုင်ယန်ရွာ၊ မော်ဝမ်းရပ်ကွက် အမှတ် (၁) မှ ၉ တန်းကျောင်းသူ ဂျာဆိုင်းအိန်သည်လည်း မြန်မာစစ်တပ်၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ရသည်။[၃]

ဂျာဆိုင်းအိန် သေဆုံးခဲ့ရမှုနှင့်ပတ်သက်ပြီး အာဏာပိုင်များအား စုံစမ်းစစ်ဆေးပေးရန် ဖခင်ဖြစ်သူ ဘရန်ရှောင်က စာရေးပေးပို့ခဲ့သည်။ သို့သော်လည်း အောက်တိုဘာ ၂၀၁၂ ခုနှစ် တွင် ဘရန်ရှောင်သည် အမှုအား မြန်မာ့လူ့အခွင့်အရေးကော်မရှင် (MNHRC) သို့ တိုင်ကြားခဲ့သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ၂၁၁ အရ စစ်တပ်အပေါ် 'မမှန်မကန် လိမ်လည်တိုင်တန်း' သည်ဟုဆိုကာ တရားပင်အစွဲခံရသည်။[၄]

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဂျာဆိုင်းအိန် အမှုမှန်ပေါ်ပေါက်ရေးကော်မတီကဂျာဆိုင်းအိန် သေဆုံးစဉ်က အနီးဝန်းကျင်တွင်ရှိသူ ၁၆ ဦးအား တွေ့ဆုံမေးမြန်းထားပြီး စာမျက်နှာ ၄၂ မျက်နှာရှိ 'ဂျာဆိုင်းအိန်ကို ဘယ်သူသတ်သလဲ' ဆိုသည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အဆိုပါကော်မတီကပင် သူမသေဆုံးခဲ့ရမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုခဲ့သည်။[၅]

မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ လက်ပန်တောင်းတောင် ကြေးနီစီမံကိန်း တွင်လည်း တရုတ်မိုင်းကုမ္ပဏီ ဝမ်ပေါင်က တရားဝင်စာချုပ်ထားခြင်းမရှိသည့် ရွာသားများပိုင်ဆိုင်သော မြေနေရာများအား ခြံစည်းရိုးခတ်ရန်ကြိုးပမ်းစဉ် ရွာသားများနှင့်အတူ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် ဒေါ်ခင်ဝင်း အသက် (၅၆)နှစ်သည် ရဲများ၏ ပတ်ခတ်မှုကြောင့် ဒီဇင်ဘာ ၂၀၁၄ ခုနှစ်အတွင်း သေဆုံးသွားခဲ့သည်။[၆]

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများက လူ့အခွင့်အရေးချိုးဖောက်ခံရသူများအတွက် အမှန်တရားဖော်ထုတ်ပေးရန်နှင့် ကျူးလွန်သူများအား တာဝန်ယူ၊ တာဝန်ခံမှုရှိလာစေရန် ကြိုးပမ်းနေကြသော်လည်း၊ ၄င်းတို့မှာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဖြစ်သည့် ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ နောက် ဆက်တွဲ ဥပဒေတို့ဖြင့် ဖမ်းဆီးခြင်းခံနေရသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ချင်းပြည်နယ်ရှိ လူ့အခွင့်အရေးလှုပ်ရှားသူ ၈ ဦးမှာ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့နယ်ခွဲရှိ အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတဦးအား မြန်မာစစ်သားတဦးမှ အတင်းအဓမ္မပြုကျင့်ရန်ကြိုးပမ်းသည့် ကိစ္စအား ဆန့်ကျင်ဆန္ဒပြရာ၊ ပုဒ်မ ၁၈ အရ ခွင့်ပြုချက်မရဘဲ စီတန်း

2 2014, 'Burmese government urged to investigate the enforced disappearance of Sumlut Roi Ja' International Federation for Human Rights 28 October. Available from: https://www.fidh.org/International-Federation-for-Human-Rights

3 Documented by Kachin Women's Association Thailand (KWAT)

4 2014, 'Open Letter: To President Thein Sein', Burma Partnership 8 December. Available from: http://www.burmapartnership.org/

5 2014, 'Myanmar Military Allegedly Killed 14-Year-Old School Girl', Burma Partnership 6 December. Available from: http://www.burmapartnership.org/

6 2014, 'Police Kill Villager in Copper Mine Standoff', The Irrawaddy 22 December. Available from:http://www.irrawaddy.org/

လှည့်လည်မှုဖြင့် အရေးယူခြင်းခံရသည်။ အမှန်တကယ်တွင်မူ ချင်းလူ့အခွင့်အရေးလှုပ်ရှားသူများက စီတန်းလှည့်လည်မည့်ကိစ္စအား သက်ဆိုင်ရာရဲစခန်းသို့ ကြိုတင်အသိပေးခွင့်ပြုချက် တောင်းခံခဲ့သော်လည်း၊ ဒေသခံအာဏာပိုင်တို့၏ ခြိမ်းခြောက်မှုကို ခံကြရသည်ဟု ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။[၇]

လက်ပန်တောင်းတောင် ကြေးနီစီမံကိန်းတွင် ရဲများ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် အသက် ၅၆ နှစ် အရွယ် ဒေါ်ခင်ဝင်းသေဆုံးသွားသည့် ကိစ္စနှင့် ပတ်သက်ပြီး ဆန့်ကျင်ဆန္ဒပြမှုကို ဦးဆောင်ခဲ့သည့် ဒေါ်နော်အုန်းလှ၊ ဦးနေမျိုးဇင်နှင့် ဒေါ်စိန်ထွေးတို့သည်လည်း အဖမ်းခံကြရသည် ။[၈]

နိုင်ငံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားနေသူများမှာ အကျဉ်းထောင်များအတွင်း ဆက်လက် ရှိနေဆဲဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ လစဉ်အစီရင်ခံစာ တခုဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလထုတ်တွင် ဖော်ပြထားသည်။ အစီရင်ခံစာအရ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် နိုင်ငံရေးအကျဉ်းသား ၈၁ ဦးမှာ အကျဉ်းထောင်များအတွင်း ရှိနေဆဲဖြစ်ပြီး၊ လယ်သမား ၇၈ ဦး အချုပ်ခံနေကြရကာ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၂၀၃ ဦးမှာ အမှု ရင်ဆိုင်နေရသည်။ နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်များအတွင်း ဆက်လက်ရှိနေမှုက ၂၀၁၃ ခုနှစ် အကုန်တွင် နိုင်ငံရေးအကျဉ်းသားမရှိစေရဟု အစိုးရကပေးထားသည့် ကတိကို နောက်တနှစ် ထပ်မံပျက်ကွက်ခြင်းပင် ဖြစ်သည်။

၂၀၁၁ ခုနှစ်မှစ၍ အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးညှိနှိုင်းလျှက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နှင့် တဖွဲ့ချင်းအလိုက် အပစ်အခတ်ရပ်စဲရေး သဘောတူညီထားသော်လည်း အပစ်အခတ်ရပ်စဲရေး လက်မှတ်မရေးထိုးရသေးသည့် ၂ ဖွဲ့နှင့်ရော၊ အပစ်အခတ်ရပ်စဲရေး လုပ်ထားသည့် အဖွဲ့များနှင့်ပါ တိုက်ပွဲများ ဖြစ်ပွားလျှက်ရှိသည်။

၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများမှာ အောက်ပါအတိုင်းဖြစ်သည်။[၉]

> ကချင်ပြည်နယ်တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် မြန်မာစစ်တပ် ဖြစ်ပွား သည့် တိုက်ပွဲ ၇၃ ကြိမ်၊ ကရင့်အမျိုးသားအစည်းအရုံး (KNU) နှင့် ၃ ကြိမ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) နှင့် ၁၀ ကြိမ်၊ မွန်ပြည်နယ်တွင် DKBA နှင့် ၃ ကြိမ်၊ ရှမ်းပြည်နယ် အတွင်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် ၁၁၃ ကြိမ်၊ ရှမ်းပြည် တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် ၁၇ ကြိမ်၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ/ရှမ်းပြည်တပ်မတော် တောင်ပိုင်း (RCSS/SSA-S) နှင့် ၁၃ကြိမ်၊ KNU နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၁ကြိမ်နှင့်၊ ပဲခူးတိုင်းတွင် ၁ ကြိမ် တိုက်ပွဲဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးနေသော်လည်း စစ်မှန်သည့် နိုင်ငံရေးအရ အဖြေရှာမှုမျိုးသို့ မရောက်ရှိခဲ့ပေ။ စစ်တပ်အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တအာင်း(ပလောင်) ဒေသများသို့ ထိုးစစ်ဆင်လျှက်ရှိသည်။ အကျိုးရလဒ်အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ဒေသခံပြည်သူ တသိန်းခန့် စစ်ပြေးဒုက္ခသည်များအဖြစ် နေထိုင်ကြရသည်။[၁၀]

---

7 2014, 'Burma: Eight Chin activists convicted; fined', Network for Human Rights Documentation Burma 25 July. Available from:http://nd-burma.org/

8 2014, 'Three Activists Arrested for Anti-Mine Protest in Rangoon', The Irrawaddy 30 December. Available from: http://www.irrawaddy.org/

၉ အဆိုပါ တိုက်ပွဲသတင်းများမှာ သတင်းဌာနများတွင် ဖော်ပြထားသည်ကို မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့် လေ့လာရေးအဖွဲ့ (MPM) မှ ၂၀၁၄ ခုနှစ်အတွင်း မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ အမှန်တကယ်ဖြစ်ပျက် ခဲ့သည့် တိုက်ပွဲအရေအတွက်မှာ မှတ်တမ်းတင်ထားသည်ထက် များပြားနိုင်သည်။ SSPP မှ အောက်တိုဘာ လအတွင်းတိုက်ပွဲ ၂၅ ကြိမ်ဖြစ်ပွားသည်ဟု ထုတ်ပြန်သော်လည်း MPM အနေဖြင့် တိုက်ပွဲ ၄ ပွဲကိုသာ သတင်းဌာနများမှတဆင့် မှတ်တမ်းတင်နိုင်သည်။ KIA မှလည်း ဧပြီလတွင် တိုက်ပွဲ ၁၅ ကြိမ်ဖြစ်ပွားသည်ဟု ထုတ်ပြန်သော်လည်း MPM မှ တိုက်ပွဲ ၇ ပွဲသာ မှတ်တမ်းတင်နိုင်သည်။

10 2014, 'Snapshot of Humanitarian Issues', Relief Web, 31 December. Available from: http://reliefweb.int

# အချက်အလက်ကောက်ယူသည့်နည်းလမ်း

**ကွင်းဆင်းသတင်းကောက်ယူသူများ၏အခြေအနေ** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ ကွင်းဆင်းအချက်အလက် ကောက်ယူသူများ သည် လူ့အခွင့်အရေးမှတ်တမ်းများကောက်ယူရာတွင် အသက်အန္တရာယ်နှင့် ရင်း၍ ဆောင်ရွက်ရသည်။ လူ့အခွင့်အရေး ဆောင်ရွက်သူများသည် အစိုးရ၏ အငြိုးထားမှုခံရသည့်အပြင် မျက်ခြေမပြတ် စောင့်ကြည့်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီး၊ ထောင်ချ ခံရခြင်းတို့ အမြဲတစေရင်ဆိုင်ရသည်။ လုံခြုံရေးအခြေ အနေကြောင့် လူ့အခွင့်အရေးမှတ်တမ်း တင ခြင်းအား ထင်ထင်ပေါ်ပေါ် မလုပ်နိုင်သည့်အတွက် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့ အခွင့်အရေးအခြေအနေအားလုံးအားထပ်ဟပ် ဖော်ပြနိုင်ခြင်းမရှိပေ။

အစိုးရသည် ဒေသခံပြည်သူလူထုအပေါ် အထူးသဖြင့် ဝေးလံခေါင်သီသော ဒေသများနှင့် ပဋိပက္ခ ဖြစ်ပွားရာဒေသများအတွင်း နေထိုင်သော ပြည်သူလူထုအပေါ် ပိုမိုဖိနှိပ်မှုများ ရှိသဖြင့်၊ လုံခြုံရေး အန္တရာယ်ပိုများသည်။ ထိုဒေသများအတွင်း ကွင်းဆင်း၍ အချက်အလက် ကောက်ယူနေကြ သူများ သည် အဖြစ်အပျက်များအား ပြောပြ၊ သတင်းပေးသူများအပေါ် အခြေခံ၍ ကောက်ယူရသည်။ ထို့ကြောင့် ကွန်ရက်၏ ကွင်းဆင်းအချက်အလက် ကောက်ယူသူတိုင်းသည် သတင်းပေးနိုင်မည့် အဆက်အသွယ် များ ပိုမိုရရှိလာစေရန် ကြိုးပမ်းရသကဲ့သို့ ကျေးရွာခေါင်းဆောင်၊ အစိုးရဝန်ထမ်းများနှင့်လည်း တွေ့ဆုံ မေးမြန်း အချက်အလက် ကောက်ယူသည်။

**မှတ်တမ်းတင်ခြင်း** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) သည် နိုင်ငံတကာ လူ့အခွင့် အရေးအန်ဂျီအိုများ၏ အကူအညီကိုရယူ၍ ကွန်ရက် အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက် အလက်ကောက်ယူသူများကို သင်တန်းပေးသည်။ ထို့နောက် ကွင်းဆင်းအချက်အလက် ကောက်ယူ သူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုအတွင်း၊ တွေ့ဆုံမေးမြန်း၍ လူ့အခွင့် အရေးဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ကူ စုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိလာသည့် အခြေအနေများအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံစာ ပါဖြစ်ရပ်များသည် ယခုကာလအတွင်း ကျူးလွန်မှုခံခဲ့ရသူများမှ တိုက်ရိုက် ပြောဆိုချက်များ ဖြစ်သည်။ မျက်မြင်သက်သေများမှ ပြောသော အချက်အလက်များနှင့် လေ့လာသူများက အတည်ပြုပေးသော အချက်အလက်များအရ မြန်မာအစိုးရ စစ်သားများ အများဆုံးကျူးလွန်သော ချိုးဖောက်မှုများဖြစ်သည်။

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေများကို မှန်မှန်ကန်ကန် စောင့်ကြည့်လေ့လာ၊ မှတ်တမ်း တင်နေသည့် မည်သည့် အဖွဲ့အစည်းနှင့်အဆို ND-Burma အနေဖြင့် လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် ND-Burma အနေဖြင့် အဖွဲ့ဝင် အဖွဲ့အစည်းမဟုတ်သည့် အဖွဲ့များအားလည်း နည်းပညာအရဖြစ်စေ အကူအညီပေးမည် ဖြစ်သည်။

**အချက်အလက်စီမံခန့်ခွဲမှု** – လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (ND-Burma) အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် ကောက်ယူစုဆောင်းသူများ ပေးပို့လာသည့် အချက်အလက်များကို သက်ဆိုင်ရာ မိခင်အဖွဲ့အစည်းထံသို့ ပေးပို့သည်။ ထို့နောက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိ ဝန်ထမ်းများက ကွန်ရက်မှ တပြေးညီအသုံးပြုသည့် Martus ခေါ် ဒေတာဘေ့စ်အတွင်း သတင်း အချက်အလက်များ ထည့်သွင်းသည်။ ND-Burma ၏ အချက်အလက် စီမံခန့်ခွဲရေး အလုပ်အဖွဲ့ (Data Management Team) က အချက်အလက်များအား သုံးသပ်၍၊ ပြင်ဆင်စုစည်းပြီး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများအနက်မှ အစီရင်ခံစာတွင် အသုံးပြုရန် သင့်လျော်သည့် အဖြစ်အပျက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာ ကာလမတိုင်ခင် ဖြစ်ပွားခဲ့သော တခြား သတင်းအချက်အလက်များကို သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည် ဖြစ်ပြီး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလအတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုများ ဖော်ထုတ်သည့် ယန္တယားများရှိလာလျှင် အသုံးပြုနိုင်စေရန် စီစဉ်ဆောင်ရွက်ထားသည်။

## ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက်မှ ကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ

၂၀၁၄ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ၆ လတာ ကာလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုတွင် ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှု ၁၀၇ ခုကို ND-Burma မှ မှတ်တမ်းတင်နိုင်ခဲ့ပြီး အများအပြားမှာ စစ်တပ်မှ ကျူးလွန်ခြင်းဖြစ်သည်။

ယခုအစီရင်ခံစာအရ နေရာဒေသ တော်တော်များများတွင် ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုး ဖောက်မှုမှာ ညှဉ်းပန်းနှိပ်စက်မှုဖြစ်ပြီး အရေအတွက်အားဖြင့် ၃၈ ခုဖြင့် အများဆုံးတွေ့ ရသည်။ လယ်ယာမြေ သိမ်းဆည်းမှု အပါအဝင်ဖြစ်သည့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုအား သိမ်းပိုက်မှု ၃၂ ခုနှင့် သတ်ဖြတ်မှု ၁၄ မှုတို့အပြင် ကလေးစစ်သားအသုံးပြုခြင်းနှင့် တခြားသောလူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်။

ND-Burma အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အတတ်နိုင်ဆုံး မှတ်တမ်းတင်နိုင်ရန် ကြိုးစားခဲ့သော်လည်း၊ ယခုအစီရင်ခံစာသည် အဖွဲ့ဝင်အဖွဲ့အစည်းများ အခြေစိုက်သည့် ဒေသများအတွင်းနှင့် မြန်မာတနိုင်ငံလုံးတွင် ဖြစ်ပွားသည့် လူ့အခွင့်အရေးချိုးဖောက်မှု အားလုံးကို လွှမ်းခြုံနိုင်မည်မဟုတ်ပါ။

ယခုအစီရင်ခံသည့် ကာလအတွင်း အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက် အနည်းငယ်သာ ဖော်ပြနိုင်ပါသည်။ အကန့်အသတ်များ ရှိနေသော်လည်း ND-Burma ၏ မှတ်တမ်းများက မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့် လားရာကို သိရှိနိုင်စေရန်နှင့် ဆောလျင်စွာ အရေးယူဆောင်ရွက်သင့်သည့် ကိစ္စများ ကို အထူးဂရုပြု ဆောင်ရွက်နိုင်စေရန် အတွက် ထုတ်ဖော်တင်ပြခြင်း ဖြစ်ပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း လူ့အခွင့်အရေးချိုးဖောက်မှုများအား ND-Burma မှ လက်လှမ်းမီသရွေ့သာ ကောက်ခံနိုင်ခြင်းနှင့် ပတ်သက်ပြီး ပထမအချက်အနေဖြင့် ND-Burma မှ ကွင်းဆင်းသတင်းကောက်ယူသူများသည် လုံခြုံရေးအခြေအနေအရ တခြားဒေသများတွင် သတင်းကောက်ယူခြင်း မပြုနိုင်ခဲ့ပါ။ ယခုအစီရင်ခံစာပါ အချက်အလက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၃ ခုတွင်သာ ကောက်ခံထားခြင်းဖြစ်သည်။

ဒုတိယအချက် အနေဖြင့် စစ်ပွဲများဖြစ်ပေါ်နေခြင်းနှင့် စစ်ပွဲများနှင့် ဆက်စပ်သည့် ပြောင်း ရွှေ့မှုများက လူ့အခွင့် အရေးချိုးဖောက်မှုများ ဖြစ်ပေါ်နေသည့် ဒေသများသို့ ဝင်ရောက် သတင်းအချက်ရယူရေးအတွက် အနှောင့်အယှက် အတားအဆီးများ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ရလဒ်အနေဖြင့် ကချင်နှင့် ရှမ်းပြည်နယ်အပါအဝင် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားနေသည့် ဒေသများအတွင်း အမှန်တကယ် ဖြစ်ပျက်နေသည့် လူ့အခွင့်အရေးအခြေထက် နည်းပါးသည့် အနေအထားကိုသာ အစီရင်ခံနိုင်သည်။

နောက်ဆုံးအနေဖြင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်နေသည့် အခြေအနေနှင့် လက်စားချေ လက်တုန့်ပြန်ခံရမည်ကို ကြောက်လန့်နေရခြင်းတို့ကြောင့်လည်း လူ့အခွင့်အရေးချိုး ဖောက်ခံရသူ အများအပြားသည် အခွင့်အရေးရရှိသော်လည်း ထုတ်ဖော်ပြောဆိုရန် ဝန်လေးနေတတ်ကြသည်။

ND-Burma မှ တနှစ် နှစ်ကြိမ် အစီရင်ခံခဲ့သည့် မှတ်တမ်းများအရ ၂၀၁၄ ခုနှစ်၏ ပထမ ၆ လတာ ကာလဖြစ်သည့် ဇန်လဝါရီလမှ–ဇွန်လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ၁၀၃ မှုကို ဖော်ထုတ် တင်ပြနိုင်ခဲ့သည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ်၏ ဒုတိယနှစ်ဝက်ဖြစ်သည့် ယခုကာလတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ အစိုးရ၊ စစ်တပ်နှင့် သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့နည်းကျဆင်းသွားစေရန် လေးလေးနက်နက်တာဝန်ယူမှုများ မရှိသရွေ့ ဆက်လက်ဖြစ်ပေါ်နေဦးမည် ဖြစ်သည်။




လက်ပန်းတောင်းကြေးနီတောင် စီမံကိန်း ဆန္ဒပြနေစဉ် (ဓာတ်ပုံ – facebook.com)

# ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း လူ့အခွင့်အရေးမှတ်တမ်း ကွန်ရက်မှ ကောက်ယူရရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ၂ |
| ၂ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၃၂ |
| ၃ | ပျောက်ဆုံးခြင်း | ၂ |
| ၄ | အတင်းအဓမ္မ စေခိုင်းခြင်း | ၃ |
| ၅ | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | ၁ |
| ၆ | သတ်ဖြတ်ခြင်း | ၁၂ |
| ၇ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | ၂ |
| ၈ | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | ၂ |
| ၉ | အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု | ၁ |
| ၁၀ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ၄ |
| ၁၁ | ကလေးစစ်သားအသုံးပြုခြင်း | ၆ |
| ၁၂ | ညှင်းပမ်းနှိပ်စက်ခြင်း | ၃၈ |
| ၁၃ | မတရားအခွန်ကောက်ခြင်း | ၂ |
| **အရေအတွက်** | | **၁၀၇** |

*နောက်ဆက်တွဲ (၁)* **လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် လစဉ်အလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဇူလိုင် – ဒီဇင်ဘာ ၂၀၁၄)**

| လစဉ်နှင့် အမျိုးအစား အလိုက် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | | ၁ | | ၁ | | | ၂ |
| ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၆ | ၁၀ | ၇ | | ၇ | ၂ | ၃၂ |
| ပျောက်ဆုံးခြင်း | | ၁ | | | ၁ | | ၂ |
| အတင်းအဓမ္မ စေခိုင်းခြင်း | | ၂ | ၁ | | | | ၃ |
| အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | | ၁ | | | | | ၁ |
| သတ်ဖြတ်ခြင်း | ၂ | ၅ | ၁ | | ၂ | ၂ | ၁၂ |
| လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခြင်း၊ စုဝေးခြင်း | | | | | | ၂ | ၂ |
| လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | | ၁ | | | ၁ | | ၂ |
| အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု | | | | | ၁ | | ၁ |
| အတင်းအဓမ္မ ပြုကျင့်ခြင်း | | | ၄ | | | | ၄ |
| ကလေးစစ်သားအသုံးပြုခြင်း | ၆ | | | | | | ၆ |
| ညှဉ်းပမ်းနှိပ်စက်ခြင်း | ၈ | ၂၃ | | | ၇ | | ၃၈ |
| မတရားအခွန်ကောက်ခြင်း | ၁ | ၁ | | | | | ၂ |
| **စုစုပေါင်း** | **၂၃** | **၄၅** | **၁၃** | **၁** | **၁၉** | **၆** | **၁၀၇** |

*နောက်ဆက်တွဲ (၂)* **လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇူလိုင် – ဒီဇင်ဘာ ၂၀၁၄)**

| ပြည်နယ် / တိုင်းနှင့် အမျိုးအစား အလိုက် | ချင်းပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး | ကချင်ပြည်နယ် | ကရင်ပြည်နယ် | မကွေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မွန်ပြည်နယ် | ပဲခူးတိုင်းဒေသကြီး | ရခိုင်ပြည်နယ် | ရန်ကုန်တိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး | ရှမ်းပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး | Total |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ၁ | | | | | | ၁ | | | | | | | ၂ |
| ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | | | | | ၁ | | ၁၁ | | ၅ | ၂ | | ၉ | ၄ | ၃၂ |
| ပျောက်ဆုံးခြင်း | | | ၁ | | | | | | | | | ၁ | | ၂ |
| အတင်းအဓမ္မ စေခိုင်းခြင်း | | | ၁ | | | | | | | | | ၂ | | ၃ |
| အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | | | | | | | | | | | | ၁ | | ၁ |
| သတ်ဖြတ်ခြင်း | | | ၄ | ၂ | | | ၁ | ၁ | | | | ၃ | ၁ | ၁၂ |
| လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း၊ စုဝေးခြင်း | | | | | ၁ | | | | | ၁ | | | | ၂ |
| လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | | | ၁ | | | | ၁ | | | | | | | ၂ |
| အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု | | | | | | | | | | | | ၁ | | ၁ |

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အတင်းအဓမ္မ ပြုကျင့်ခြင်း | | | ၁ | | | | | | | | | ၃ | | ၄ |
| ကလေးစစ်သားအသုံးပြုခြင်း | | ၁ | | | | | ၁ | | | ၃ | ၁ | | | ၆ |
| ညှင်းပမ်းနှိပ်စက်ခြင်း | | ၉ | ၈ | ၂ | | ၃ | ၃ | ၄ | | ၂ | | ၇ | | ၃၇ |
| မတရားအခွန်ကောက်ခြင်း | ၁ | | | | | | | | | | | ၁ | | ၂ |
| **စုစုပေါင်း** | **2** | **10** | **16** | **4** | **2** | **3** | **18** | **5** | **5** | **8** | **1** | **28** | **5** | **107** |

***နောက်ဆက်တွဲ (၃)*** **လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် လစဉ်အလိုက်နှင့် ပြည်နယ် / တိုင်းဒေသကြီးအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇူလိုင် – ဒီဇင်ဘာ ၂၀၁၄)**

| လစဉ်နှင့် ပြည်နယ် / တိုင်း အလိုက် | ချင်းပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး | ကချင်ပြည်နယ် | ကရင်ပြည်နယ် | မကွေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မွန်ပြည်နယ် | ပဲခူးတိုင်းဒေသကြီး | ရခိုင်ပြည်နယ် | ရန်ကုန်တိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး | ရှမ်းပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇူလိုင် | ၁ | ၃ | ၆ | | | | ၂ | | ၅ | ၅ | ၁ | | | ၂၃ |
| သြဂုတ် | | ၇ | ၇ | ၁ | | ၃ | ၄ | ၂ | | | | ၂၀ | ၁ | ၄၅ |
| စက်တင်ဘာ | | | ၁ | | | | ၆ | | | | | ၅ | ၁ | ၁၃ |
| အောက်တိုဘာ | ၁ | | | | | | | | | | | | | ၁ |
| နိုဝင်ဘာ | | | ၂ | ၂ | ၁ | | ၆ | ၃ | | ၁ | | ၃ | ၁ | ၁၉ |
| ဒီဇင်ဘာ | | | | ၁ | ၁ | | | | | ၂ | | | ၂ | ၆ |
| **စုစုပေါင်း** | **၂** | **၁၀** | **၁၆** | **၄** | **၂** | **၃** | **၁၈** | **၅** | **၅** | **၈** | **၁** | **၂၈** | **၅** | **၁၀၇** |



အတင်းအဓမ္မ စေခိုင်းခံရသူများ (မွန်ပြည်နယ်)

# ဖြစ်ရပ်မှန်ပုံစံများ

## ပလောင်အမျိုးသမီးများအစည်းအရုံး (PWO) မှ မှတ်တင်တင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ

၂၀၁၄ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ကောင်းဝိုင်းကျေးရွာနှင့် မန်စပ်ကျေးရွာကြားတွင် မြန်မာအစိုးရ စစ်တပ်တပ်မ (၈၈) နှင့် တအာင်းတပ်မတော် (TNLA) တပ်မဟာ (၁) လက်အောက်ခံ တပ်ရင်း (၁၁၂) တို့သည် နံနက် ၉း ၄၅ မှ ၁၀း ၀၀ နာရီ အထိ နှစ်ဖက်တိုက်ပွဲ ဖြစ်ပွားခဲ့ရာ အွမ်လောအုပ်စု မန်ကောင်းကျေးရွာ နေ(ဂေါင်းတဝါး) ရွာသား (၂)ဦးသည် မိုင်းပေါက်ကွဲ၍ တစ်ဦးမှာ ထိုနေ့တွင်ပင် နမ့်ခမ်းဆေးရုံတွင် သေဆုံးခြင်းနှင့် နောက်ထပ် (၂)ဦးမှာ ဒဏ်ရာ ပြင်းထန်စွာရရှိသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

အွယ်လောအုပ်စု မန်ကောင်းကျေးရွာနေ ရွာသားနှစ်ဦးသည် နမ့်ခမ်းမြို့ပေါ်သို့ ပစ္စည်းဝယ်ရန်အတွက် မန်ကောင်းကျေးရွာ အဆင်းလမ်းတွင် မိုင်းပေါက်ကွဲမှုကြောင့် မိုင်းညီနိုင်ဇားအသက် (၂၂)နှစ်နှင့် မိုင်းယိုင်ထွန်းသန်း အသက် (၂၃)နှစ်တို့အား ထိမှန်ခဲ့ပါသည်။ ဗုံးထိမှန်မှုကြောင့် အစိုးရတပ်ရင်းမှာ ၄င်းတို့နှစ်ဦးကို တအာင်းစစ်တပ်ထင်ကာ ဖမ်းဆီး လက်ထိပ်ခတ်ထားပြီး စစ်ဆေးမေးမြန်းပါသည်။ မိုင်းညီနိုင်ဇားသည် နမ့်ခမ်းဆေးရုံသို့ရောက်သည့်အခါတွင် သေဆုံးပြီး မိုင်းယိုင်ထွန်းသန်း သည် ဘယ်ဖက်ခေါင်း၊ ဝဲပုံမျက်လုံး၊ ဗိုက်တည့်တည့်၊ ဘယ်ဖက်ပေါင်စသည့်တို့ ဒဏ်ရာပြင်းထန် စွာ ဖြင့် ထိမှန်ထားပြီး မူဆယ်ဆေးရုံတွင် ပေါင်နှင့် ဝမ်းဗိုက် ခွဲစိတ်ကုသခံကာ၊ ဦးခေါင်းပိုင်း ဗုံးစထိမှန်သည့် ဒဏ်ရာအတွက် ခွဲစိတ်ရန် လားရှိုးဆေးရုံသို့ ဩဂုတ်လ ၂၀ရက်နေ့တွင် ရောက်ရှိလာပါသည်။

'ကျနော်တို့ နှစ်ယောက်က နမ့်ခမ်းမြို့မှာ ပစ္စည်းဝယ်ဖို့ သွားပါတယ်။ နိုင်ဇားက ဆိုင်ကယ်မောင်းတယ်။ ကျနော်က နောက်ကနေ လိုက်စီးတယ်။ ဗမာစစ်သားတွေက ကျနော်တို့ နှစ်ယောက်ကို စစ်ဆေးနေတယ်။ ပလောင်စစ်တပ်လို့ ထင်နေတယ်။ မေးမြန်းတာ ၅မိနစ်မကြာသေးဘူးထင်တယ်။ ဗုံးပထမ တစ်လုံးပေါက်ပြီး ကျနော်တို့ မျက်နှာကို လာထိမှန်တယ်။ ဗုံးပေါက်ပြီးနောက်ပိုင်း ကျနော်တို့ နှစ်ယောက်ကို ပလောင်စစ်တပ်ဆိုတာ သေချာပြီးပေါ့။ ဗမာစစ်သားတွေက ကျနော်နဲ့ ညီနိုင်ဇားကို ရိုက်တယ်။ ဘယ်နှစ်ချက်တောင်လဲမသိတော့ဘူး။ ဗုံးပေါက်လို့ ဒဏ်ရာရထားတယ်။ စစ်သားတွေက နှိပ်စက်တယ်။ သူတို့က ရိုက်လွန်းလို့ ကျနော့်မျက်လုံးကို ထိသွားတယ်။ ဗမာစစ်သားက ပြောသေးတယ်။

ကျနော်တို့နှစ်ယောက်ကို အရှင်မထားနဲ့။ ကျနော်တို့ နှစ်ယောက် ထွက်ပြေးမှာ စိုးရိမ်လို့ လက်ထိပ်ခတ်ထားကြတယ်။ ဗုံးက စုစုပေါင်း (၃) လုံးလောက်ပေါက်တယ်။ ညီနိုင်ဇားလည်း ဗုံးပေါက်မှုကြောင့် ဒဏ်ရာတွေ အများကြီးရထားတယ်။ ကျနော်လည်း အများကြီးပဲ ဒါကြောင့် စစ်သားတွေ ကြည့်ပြီး လက်ထိပ်ကို ပြန်ဖြုတ်ပေးလိုက်တယ်။ ကျနော်တို့ နှစ်ယောက်လည်း စစ်သားပစ္စည်းမရှိတော့ (စစ်နဲ့ပတ်သက်တဲ့ပစ္စည်း) ပြန်လွတ်လိုက်တာနေမှာပါ။ ညီဇားလည်း အခြေအနေ မကောင်းဘူး။ တရုတ်ကောင်လေးတယောက်နဲ့တွေ့တော့ ကျနော်တို့ နှစ်ယောက်ကို ဆေးရုံခေါ်သွားတယ်’ ဟု မိုင်းယိုင်ထွန်းသန်းမှ ပြောပြခဲ့သည်။

‘ညီနိုင်ဇားက တကိုယ်လုံးလိုလို ဒဏ်ရာတွေပဲ ဒါကြောင့် နမ့်ခမ်းဆေးရုံရောက်တော့ ဆုံးသွားတယ်။ သူကနမ့်ခမ်းဆေးရုံကို ပို့တဲ့အချိန် သူ့မိဘတွေ၊ ဆွေမျိုးတွေ ရပ်မိရပ်ဖ၊ သတင်းမီဒီယာ လာရောက်ကြည့်ရှုတယ်။ ဒါပေမယ့် နယ်ထိန်း လုံခြုံရေးတွေက မပေးကြည့်ဘူး။ ခွဲစိတ်ပြီးတော့လည်း လက်နက်ကြီးလား၊ လက်နက်ငယ်လား၊ ဗုံးပေါက်လို့ ထိမှန်ထားတာလားဆိုတာ မပြောပြဘူး။ ခွဲစိတ်ထားတဲ့ သက်သေတွေကို နယ်ထိန်းလုံခြုံရေးတွေက ဖျောက်ပစ်လိုက်တယ်။ သူ့ရဲ့ အသုဘကို ၁၉ ရက်နေ့ နေ့လည် ၁၂ နာရီလောက် နမ့်ခမ်းမှာပဲ မီးသဂြိုလ်လိုက်တယ်’ ဟု နီးစပ်သော အသိုင်းအဝိုင်းမှပြောပြခဲ့သည်။

မိုင်းယိုင်ထွန်းသန်း၏ ဝမ်းဗိုက်နှင့် ပေါင်ဒဏ်ရာအား မူဆယ်ဆေးရုံမှ ခွဲစိတ်ကုသပြီး ဦးခေါင်းပိုင်းပိုင်းတွင် ဗုံးစထိမှန်သည့်ဒဏ်ရာကို ကုသရန်အတွက် လားရှိုးဆေးရုံသို့ လွှဲပေးခဲ့သည်။ ဦးခေါင်းပိုင်းတွင် ဒဏ်ရာပြင်းထန်စွာရှိသည့်အတွက်ကြောင့် လားရှိုးဆေးရုံသည် ခွဲစိတ်ကိရိယာ မလုံလောက်သဖြင့် ဩဂုတ်လ ၂၆ရက်နေ့တွင် မန္တလေးဆေးရုံသို့ ခွဲစိတ်ရန် ပြောင်းရွှေ့ပေးခဲ့သည်။

ဗုံးထိမှန်သေဆုံးသူနှင့် ဒဏ်ရာရရှိထားသူများအတွက် နာရေးနှင့် ဆေးဖိုးကုသမှုစရိတ်ကိုလည်း အစိုးရဌာနဆိုင်ရာမှ လာရောက်ကြည့်ရှုစစ်ဆေးမေးမြန်းမှုသာရှိခဲ့ပြီး တစ်ပြားတစ်ကျပ်မှ ကူညီဆောင်ရွက်ခြင်းမရှိဘဲ ဆွေမျိုးသားချင်းနှင့် တအာင်းလူမှုအဖွဲ့အစည်းများမှသာ လာရောက်ကူညီခြင်းဖြစ်သည်။

နမ့်ခမ်းမြို့နယ် မန်စပ်၊ ကောင်းဝိုင်း၊ ဟိုနား၊ အွယ်လောကျေးရွာ တဝိုက်တွင် တအာင်းစစ်တပ်မှ အခြေကုတ်ထားခြင်းကြောင့် အစိုးရစစ်ကြောင်း နယ်မြေရှင်းလင်းရေးအတွက် ဝင်ရောက်ရာတွင် တအာင်း စစ်တပ်မှ ထောင်ထားသည့် မိုင်း (၃)လုံးပေါက်ကွဲပြီး ရွာသား သေဆုံးရသည်ဟု ဆိုသည်။ သို့သော် တအာင်းစစ်တပ်ကလည်း ၎င်းတို့ ထောင်ထားသော မိုင်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာနေ မိုင်းလုမ်အောင်း အသက် (၂၁)နှစ် နှင့် မိုင်းလေမ်သန်းနိုင်တို့ကို တပ်မ(၈၈)မှ ဩဂုတ်လ ၁၈ရက်နေ့တွင် လမ်းပြအဖြစ်ခေါ်ဆောင်သွားရာမှာ တိုက်ပွဲအတွင်းတွင် မိုင်းလုမ်းအောင်းသည် ဗိုက်အလယ်တည့်တည့်တနေရာနှင့် ညာဖက်၊ ညာဖက်လက်မောင်း၊ ညာဖက်ပေါင် ၂ နေရာ ဒဏ်ရာပြင်းထန်စွာ ရရှိပြီး မူဆယ်ဆေးရုံသို့ တက်ရောက်ဆေးကုသနေပါသည်။ မိုင်းလေမ်သန်းနိုင်မှာ ထိခိုက်ဒဏ်ရာရခြင်းမရှိပါ။

‘ဗမာ စစ်တပ်က ရွာလူကြီး အိမ်ကို ဝင်လာပြီးတော့ သူတို့ နှစ်ယောက်ကို တွေ့သွားတယ်။ မိုင်းလေမ်သန်းလှိုင်က ဗိုလ်ကြီးနှင့်အတူ အလယ်လတ် (စစ်ကြောင်းအလယ်)မှာ လိုက်ရတယ်။ လုမ်အောင်း က ရှေ့ဆုံးလမ်းပြပေးနေရတယ်။ လက်နက်ကြီးပစ်တဲ့အချိန်မှာ လုမ်အောင်းတို့ကို ထိတယ်။ လေမ်သန်းနိုင်က အလယ်လတ်မှာနေတော့ ထိမှန်တာမရှိတော့ လွတ်မြောက်အောင် ပြေးသွားတယ်။ လုမ်အောင်းကမှာ ဒဏ်ရာပြင်းတော့ ဗမာစစ်တပ်တွေကိုယ်တိုင် မူဆယ်ဆေးရုံကို ပို့ဆောင်ပေးတယ်။ လုမ်အောင်း လက်နက်ကြီးထိပြီး မူဆယ်ဆေးရုံကို ခေါ်သွားတာ မိဘတွေကိုယ်တိုင်လည်း မသိဘူး။ အကြောင်းလည်း မကြားအား ဘူးဖြစ်နေတယ်’ ဟု ဆွေမျိုးများမှ ပြောပြခဲ့သည်။

မိုင်းလုမ်အောင်းအတွက် အစိုးရတပ်ရင်းမှ ဆေးဖိုးဝါးခ ကူညီမှု မရှိသေးဟု သိရှိရပြီး သူတို့အတွက် ဆေးဖိုးဝါးခကို ဟိုနားကျေးရွာမှ ရပ်မိရပ်ဖ ပိုက်ဆံစုပြီး ဆေးဖိုး ဝါးခပေးထားသည်။ အဘယ်ကြောင့်ဆို

သော် ရွာလူကြီးမှ သူတို့နှစ်ဦးကို လမ်းပြအဖြစ် စေလွှတ်ခဲ့သည်။

## ကချင်အမျိုးသမီးအစည်းအရုံး–ထိုင်းနိုင်ငံ (KWAT) မှ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ

လဖိုင်ယောဟန်နှင့် မိသားစုသည် နမ့်ခမ်းဒုက္ခသည်စခန်းသို့ ၂၀၁၄ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ နောက်နှစ်ရက်ခန့်အကြာတွင် လဖိုင်ယောဟန်နှင့် လဘန်ဘောက်လတို့သည် မန်ဝင်းရှိ ၎င်းတို့ရွာသို့ပြန်ပြီး ပစ္စည်းများပြန်ယူကြသည်။ မော်စီတံတားသို့ ရောက်သည့်အခါ မြန်မာစစ်တပ်မှ တားဆီးခြင်းကို ခံရသည်။ ထို့နောက် သူတို့၏ အိတ်များကို ရှာဖွေကြရာ လဖိုင်ယောဟန်၏ အိတ်တွင် ဓာတ်ပုံတပုံကို စစ်သားများက တွေ့သွားသည်။ ဓာတ်ပုံထဲတွင် သူတို့နှစ်ယောက်၏ အနောက်တွင် KIA ယူနီဖောင်းဝတ်ဆင်ထားသည့် လူနှစ်ယောက်ပါရှိနေပြီး ထိုလူနှစ်ယောက်ကို လဖိုင်ယောဟန်တို့အနေဖြင့် မသိကြပါ။ သို့သော်လည်း ထိုဓာတ်ပုံကို တွေ့သွားသဖြင့် သူတို့နှစ်ဦးမှာ စစ်သားများ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

စစ်သားများက သူတို့နှစ်ဦးကို ခြိမ်းခြောက်ပြီး KIA စစ်သားလား၊ ဓာတ်ပုံထဲမှ KIA ယူနီဖောင်းနှင့်လူများမှာ မည်သူလဲ စသဖြင့် မေးမြန်းကြသည်။ သူတို့နှစ်ဦးက ၎င်းတို့မှာ အရပ်သားများဖြစ်ပြီး ဓာတ်ပုံထဲမှ ယူနီဖောင်းနှင့် လူများကို မသိရှိကြောင်းပြန်ဖြေကြသည်။ သို့သော်လည်း စစ်သားများက သူတို့နှစ်ဦးကို မယုံကြည်ဘဲ ပစ္စည်းများကို ဆက်လက်ရှာဖွေနေကြသည်ဟု ၎င်းတို့အနီးမှ ဖြတ်သွားသည့် ရွာသားများက ပြောဆိုသည်။

မိနစ်အနည်းငယ်ကြာပြီးနောက် အဆိုပါစစ်သားများက ၎င်းတို့၏ တပ်ကြပ်ကြီးကို အကြောင်းစုံပြောပြရာ၊ တပ်ကြပ်ကြီးမှ ၎င်းတို့နှစ်ဦးကို အပြစ်ပေးရန်အမိန့်ပေးသည်။ ထို့နောက် စစ်သားများက ၎င်းတို့နှစ်ဦး၏ အဝတ်အစားများကိုချွတ်ခိုင်းပြီး မျက်လုံးများကို ပြန်စည်းကာ၊ လက်နှစ်ဖက်ကို ခေါင်းအနောက်တွင်ထားပြီးကြိုးဖြင့်ချည်ထားသည်။ ထို့နောက် လမ်းမပေါ်တွင် လှဲနေစေသည်။

နာရီပိုင်းမျှအကြာတွင် သူတို့နှစ်ဦးကို တောင်စောင်းပေါ်သို့ခေါ်သွားပြီး ဓာတ်ပုံကိစ္စနှင့် ၎င်းတို့ KIA စစ်သားဟုတ်၊ မဟုတ်စစ်ဆေးကြသည်။ သူတို့နှစ်ဦးစလုံးကလည်း ၎င်းတို့မှာ KIA စစ်သားများ မဟုတ်ကြောင်း ငြင်းဆိုကြသည်။ စစ်သားများက ‘ကချင်မိသားစု တစုမှာ KIA စစ်သားတယောက်ရှိတယ်’ ဟု ဆိုကာ ‘မင်းတို့မိသားစုဝင်တွေမှာ KIA စစ်သားဘယ်နှစ်ယောက်ရှိလဲ’ ဟု မေးသည်။ လဖိုင်ယောဟန် က သူ့အဖေသည် KIA စစ်သားဟောင်းတယောက် ဖြစ်ခဲ့သည်ဟုဖြေရာ၊ စစ်သားများကသူ့အဖေအခုဘယ်မှာနေလဲ ဟုမေးသည်။ ဖလိုင်ယောဟန်က သူ့အဖေ ရွှေတန်းတွင် ၂၀၁၂ ခုနှစ်က ကျဆုံးသွားသည်ဟု ဖြေသည်။ ထို့နောက် စစ်သားများက ‘ငါတို့မင်းတို့ကို သတ်ပစ်လိုက်လို့ရတယ်၊ အမှန်အတိုင်းပြောကြ’ ဟု ကြိမ်းမောင်းသည်။

လဖိုင်ယောဟန် အနေဖြင့် အသတ်ခံရတော့မည်ဟု ယုံကြည်ပြီး အလွန်ကြောက်ရွံ့ခဲ့သည်။ သူတို့ နှစ်ယောက်၏ မှတ်ပုံတင်နှင့် နိုင်ငံကူးလက်မှတ်အား တပ်ကြပ်မှ သိမ်းယူခဲ့ပြီး နောက်နေ့မှ လာယူရန်ပြောသည်။ ၎င်းတို့နှစ်ဦးအား ညနေ ၄ နာရီခန့်တွင် ပြန်လွှတ်ပေးလိုက်သည်။

သူတို့နှစ်ဦး စတင်အဖမ်းခံရစဉ်က တွေ့ရှိသူများသည် မန်ဝင်းဘုရားကျောင်းရှိ သင်းအုပ်ဆရာအား သတင်းပို့ခဲ့ပြီး သင်းအုပ်ဆရာမှ နမ်းခမ်းရှိ အခြားသင်းအုပ်ဆရာထံ အကူအညီတောင်းခဲ့သည်။ နမ်းခမ်းရှိ သင်းအုပ်ဆရာမှ မော်စီတံတားအနီးတွင် တပ်စွဲထားသည့် စစ်တပ်ထံသွားရောက်ပြီး ဖမ်းဆီးခံထားရသူများမှာ စစ်ပြေးဒုက္ခသည်များဖြစ်ကြောင်း ပြောပြရာ၊ လဖိုင်ယောဟန်တို့နှစ်ဦးကို ပြန်လွှတ်ပေးလိုက်သည်။

ထိုသို့ဖြစ်ပွားပြီးနောက် လဖိုင်ယောဟန်နှင့် လဘန်ဘောက်လတို့သည် အဆိုပါလမ်းမှ ဖြတ်သန်းသွားလာခြင်း မပြုရဲတော့ပေ။



ရန်ကုန်မြို့မှ စက်ရုံလုပ်သားများ ဆန္ဒပြစဉ် (ဓာတ်ပုံ – ဧရာဝတီ)

## နိဂုံး

၂၀၁၄ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း လူ့အခွင့်အရေးအခြေအနေနှင့် ငြိမ်းချမ်းရေး ဆွေးနွေး ပွဲရလဒ်များ တိုးတက်မလာသကဲ့သို့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် နိုင်ငံရေးအရတက်ကြွလှုပ်ရှားသူများအပေါ်လည်း ဖိနှိပ်မှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

အစီရင်ခံစာ နိဒါန်းတွင် ဖော်ပြထားသကဲ့သို့ နိုင်ငံရေးအကျဉ်းသား ၈၁ ဦးမှာ အကျဉ်းထောင်များအတွင်း တွင်၄င်း၊ လယ်သမား ၇၈ ဦးမှာ အချုပ်ခန်းများအတွင်းနှင့် တက်ကြွလှုပ်ရှားသူ ၂၀၃ ဦးမှာ အမှု ရင်ဆိုင်နေရဆဲဖြစ်သည်။

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်နိုင်ရေးအတွက် ဆွေးနွေးကြရာတွင်လည်း ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ၆ ကြိမ်မြောက် ဆွေးနွေးပွဲတွင် ရှေ့ဆက်မတိုးနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ထို့အပြင် ကချင်ပြည်နယ်တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် မြန်မာစစ်တပ်ဖြစ်ပွားသည့်တိုက်ပွဲ ၇၃ ကြိမ်၊ ကရင့်အမျိုးသားအစည်းအရုံး (KNU) နှင့် ၃ ကြိမ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) နှင့် ၁၀ ကြိမ်၊ မွန်ပြည်နယ်တွင် DKBA နှင့် ၃ ကြိမ်၊ ရှမ်းပြည်နယ်အတွင်း တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ၁၁၃ ကြိမ်၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော် (SSPP/SSA) နှင့် ၁၇ ကြိမ်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် တောင်ပိုင်း (RCSS/SSA-S) နှင့် ၁၃ကြိမ်၊ KNU နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၁ကြိမ်နှင့်၊ ပဲခူးတိုင်းတွင် ၁ ကြိမ် တိုက်ပွဲဖြစ်ပွားခဲ့သည်။[၁၁]

စစ်သားများမှ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်သည့်အခါ စစ်တပ်အနေဖြင့် ကျူးလွန်ချိုးဖောက်ခံရသူများကိုပင် ပြန်လည်ခြိမ်းခြောက်ရန်ရှာမှုများ ပြုတတ်သည်။ သာဓကအနေဖြင့် စစ်တပ်၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားသည့် ဂျာဆိုင်းအိန်ကီစွအား ဖခင်ဖြစ်သူ ဘရန်ရှောင်က မြန်မာ့လူ့အခွင့်အရေး ကော်မရှင်သို့ တိုင်ကြားခဲ့မှုနှင့် ပတ်သက်ပြီး သူ့အား မမှန်မကန်လိမ်လည်တိုင်တန်းသည်ဟု ဆိုကာ အမှုဖွင့် တရားစွဲခဲ့သည်။ ယခုလို နှစ်ပေါင်းများစွာ စစ်တပ်မှ ကျူးလွန်ချိုးဖောက်မှု များကို တာဝန်ယူ

---

၁၁ အဆိုပါ တိုက်ပွဲသတင်းများမှာ သတင်းဌာနများတွင် ဖော်ပြထားသည်ကို မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့် လေ့လာရေးအဖွဲ့ (MPM) မှ ၂၀၁၄ ခုနှစ်အတွင်း မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ အမှန်တကယ်ဖြစ်ပျက် ခဲ့သည့် တိုက်ပွဲအရေအတွက်မှာ မှတ်တမ်းတင်ထားသည်ထက် များပြားနိုင်သည်။ SSPP မှ အောက်တိုဘာ လအတွင်းတိုက်ပွဲ ၂၅ ကြိမ်ဖြစ်ပွားသည်ဟု ထုတ်ပြန်သော်လည်း MPM အနေဖြင့် တိုက်ပွဲ ၄ ပွဲကိုသာ သတင်းဌာနများမှတဆင့် မှတ်တမ်းတင်နိုင်သည်။ KIA မှလည်း ဧပြီလတွင် တိုက်ပွဲ ၁၅ ကြိမ်ဖြစ်ပွားသည်ဟု ထုတ်ပြန်သော်လည်း MPM မှ တိုက်ပွဲ ၇ ပွဲသာ မှတ်တမ်းတင်နိုင်သည်။

ဖြေရှင်းပေးခြင်းမရှိသဖြင့် တိုင်းရင်းသားများသည် စစ်တပ်နှင့် အစိုးရအပေါ် အယုံအကြည်ကင်းမဲ့လျက်ရှိ သည်။

အကယ်၍ အစိုးရနှင့် စစ်တပ်အနေဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် စစ်မှန်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဆောင်ရွက်နေသည်ဟု အားလုံးမှ ယုံကြည်လက်ခံနိုင်စေရန်အတွက် စစ်တပ်မှ ကျူးလွန်ချိုးဖောက်နေသည့် လူ့အခွင့်အရေးကိစ္စများအား အလေးအနက်ထား ကိုင်တွယ်ဆောင်ရွက်ခြင်းဖြင့် ပြသရမည်ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသည် ရပ်တန့်နေသည်ဟု ဒေါ်အောင်ဆန်းစုကြည် က ၂၀၁၄ နိုဝင်ဘာလအတွင်း ကျင်းပခဲ့သည့် ၂၅ ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ ကာလအတွင်း ဝေဘန် ပြောကြားခဲ့သည်။ ညီလာခံမတိုင်မီ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ‘တကယ်တော့ အပြောင်းအလဲ ဖြစ်စဉ်အကြောင်း သိပ်ပြောကြတဲ့သူတွေကို လွန်ခဲ့တဲ့ ၂နှစ်တာ ကာလအတွင်း ဘယ်လို အပြောင်းအလဲ ခြေလှမ်းတွေ သိသိသာသာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သလဲဆိုတာ ကျမမေးချင်ပါတယ်။’[၁၂] ဟု မေးခွန်းထုတ်ခဲ့သည်။ ထို့အပြင် ‘မြန်မာ့အပြောင်းအလဲဖြစ်စဉ်တွေဟာ လွန်ခဲ့တဲ့နှစ်ဦးပိုင်းကစပြီး ရပ်တန့်နေခဲ့တယ်’[၁၃] ဟုလည်း သတိပေးပြောကြားခဲ့သည်။

နိဂုံးချုပ်အနေဖြင့် နှစ်ပေါင်း ၇၀ နီးပါးဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကာလတလျှောက် မြေဇာပင်ဖြစ်ခဲ့ရသည့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ ကျေနပ်၊ နှစ်သိမ့်မှုရရှိစေရန်အတွက် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူထုအကျိုးပြုအဖွဲ့အစည်းများသည် အတိတ်ကာလက ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေးအဖြေရှာသင့်သည်။ အဆိုပါ အင်အားစုများသည် လူ့အခွင့်အရေးချိုး ဖောက်ခံရသူများ၊ လူ့အဖွဲ့အစည်းအသီးသီးရှိ ပြည်သူလူထုနှင့် တွေ့ဆုံမှုများ ပြုလုပ်ကာ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းဖြင့် ၄င်းတို့အပေါ် မည်သို့သော သက်ရောက်မှုများရှိသည်ကို နားလည်သဘောပေါက်စေပြီး မည်သို့သော ပေးလျော်ကုစားမှုမျိုး လိုအပ်သနည်း ဆိုသည်ကို ဖော်ထုတ်သည့် အဓိပ္ပါယ်ရှိပြီး ပွင့်လင်းသည့် ဆွေးနွေးမှုများပြုလုပ်ရမည် ဖြစ်သည်။

ထို့အပြင် မကြာသေးမီကဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု ကိစ္စများနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးသည့် ကိစ္စများတွင် စစ်တပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး၊ အပြစ်ကျူးလွန်သူများအား အပြစ်ပေးအရေးယူရမည်ဖြစ်သည်။ တရားစီရင်ရေးစနစ်အား လူ့အခွင့်အရေးချိုးဖောက်ခံရသူများနှင့် မျက်မြင်သက်သေများအား ခြိမ်းခြောက်ဖိနှိပ်ချုပ်ခြယ်ရန်အတွက် အသုံးပြုခြင်းကိုလည်း ရပ်ဆိုင်းရမည်ဖြစ်သည်။

---

12 2014, “Australian PM meets Aung San Suu Kyi”, Eleven Media, 13 November. Available from: http://www.elevenmyanmar.com/index.php?option=com_content&view=article&id=8084:australian-pm-meets-aung-san-suu-kyi&catid=44:national&Itemid=384

13 2014, “Aung San Suu Kyi says Myanmar Reforms Stalling ahead of Barrack Obama Visit”, *ABC*, 6 November. Available from: http://www.abc.net.au/news/2014-11-06/suu-kyi-says-myanmar-reforms-27stalling27/5870202

# ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ND-Burma မှ မှတ်တမ်းတင်ထားမှု အကျဉ်းချုပ်

ND-Burma အနေဖြင့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေ မှတ်တမ်းကို ၆ လတကြိမ် ပုံမှန်ထုတ်ပြန်သည်။ အောက်ပါဇယားတွင် ၂၀၁၄ တနှစ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ၂၁၀ ခုကို မှတ်တမ်းတင်ထားသည်ကို တွေ့ရမည်ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများသည် လက်နက်ကိုင် ပဋိပက္ခ ဖြစ်ပွားသည့် ဒေသများတွင် သာမက အပစ်အခတ်ရပ်စဲရေး သဘောတူထားသည့် ဒေသများတွင်ပါ ဖြစ်ပွားသည်ကို တွေ့ရသည်။ ND-Burma ၏ တွေ့ရှိချက်များက ပြသနေသည်မှာ အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည် ဆိုသော်ငြားလည်း မြန်မာပြည်သူများအား လူ့အခွင့်အရေးအရ အကာအကွယ်ပေးနိုင်မှု မရှိသလောက် နည်းပါးသည့် အချက်ဖြစ်သည်။ ထို့အပြင် အစိုးရအနေဖြင့် ဖိနှိပ်သည့် ဥပဒေများအသုံးပြုပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ဆက်လက်ဖမ်းဆီးနေပြီး အတိတ်ကာလနှင့် လက်ရှိဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တာဝန်ယူ၊ တာဝန်ခံမှုမရှိသေးသည်ကိုလည်း ပြသနေသည်။

**ND-Burma မှ မှတ်တမ်းပြုထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ – ဇန်နဝါရီ – ဒီဇင်ဘာ ၂၀၁၄**

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ၆ |
| ၂ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၆၈ |
| ၃ | ပျောက်ဆုံးခြင်း | ၃ |
| ၄ | အတင်းအဓမ္မ စေခိုင်းခြင်း | ၁၂ |
| ၅ | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | ၂ |
| ၇ | လူကုန်ကူးခြင်း | ၅ |
| ၈ | သတ်ဖြတ်ခြင်း | ၂၆ |
| ၉ | လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခြင်း၊ စုဝေးခြင်း | ၃ |
| ၁၀ | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | ၄ |
| ၁၁ | အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု | ၁ |
| ၁၂ | အတင်းအဓမ္မ ပြုကျင့်ခြင်း | ၉ |
| ၁၃ | ကလေးစစ်သားအသုံးပြုခြင်း | ၈ |
| ၁၄ | ညှင်းပမ်းနှိပ်စက်ခြင်း | ၅၂ |
| ၁၅ | မတရားအခွန်ကောက်ခြင်း | ၁၁ |
| **စုစုပေါင်း** | | **၂၁၀** |

*နောက်ဆက်တွဲ (၁)* လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် လစဉ်အလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဇန်နဝါရီ – ဒီဇင်ဘာ ၂၀၁၄)

| လအလိုက်နှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု | အတင်းအဓမ္မ ပြုကျင့်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | ညှင်းပန်းနှိပ်စက်ခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | | ၃၀ | | ၁ | ၁ | | ၈ | ၁ | ၁ | | ၄ | ၁ | ၃ | ၄ | ၅၄ |
| ဖေဖော်ဝါရီ | ၁ | | ၁ | ၃ | | ၁ | ၁ | | ၁ | | | | ၈ | ၁ | ၁၇ |
| မတ် | ၂ | | | ၄ | | ၁ | ၂ | | | | | ၁ | | ၂ | ၁၂ |
| ဧပြီ | | ၃ | | | | | ၃ | | | | | | ၁ | ၁ | ၈ |
| ဇွန် | ၁ | ၃ | | ၁ | | ၃ | | | | | ၁ | | ၂ | ၁ | ၁၂ |
| ဇူလိုင် | | ၆ | | | | | ၂ | | | | | ၆ | ၈ | ၁ | ၂၃ |
| ဩဂုတ် | ၁ | ၁၀ | ၁ | ၂ | ၁ | | ၅ | | ၁ | | | | ၂၃ | ၁ | ၄၅ |
| စက်တင်ဘာ | | ၇ | | ၁ | | | ၁ | | | | ၄ | | | | ၁၃ |
| အောက်တိုဘာ | ၁ | | | | | | | | | | | | | | ၁ |
| နိုဝင်ဘာ | | ၇ | ၁ | | | | ၂ | | ၁ | ၁ | | | ၇ | | ၁၉ |
| ဒီဇင်ဘာ | | ၂ | | | | | ၂ | ၂ | | | | | | | ၆ |
| စုစုပေါင်း | ၆ | ၆၈ | ၃ | ၁၂ | ၂ | ၅ | ၂၆ | ၃ | ၄ | ၁ | ၉ | ၈ | ၅၂ | ၁၁ | ၂၁၀ |

*နောက်ဆက်တွဲ (၂)* လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန်နဝါရီ – ဒီဇင်ဘာ ၂၀၁၄)


| ပြည်နယ် / တိုင်းနှင့် အမျိုးအစား အလိုက် | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ပျောက်ဆုံးခြင်း | အတင်းအဓမ္မ စေခိုင်းခြင်း | အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း | လူကုန်ကူးခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခြင်း၊ စုဝေးခြင်း | လွတ်လပ်စွာ သွားလာခွင့်ကို တားဆီးခြင်း | အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု | အတင်းအဓမ္မ ပြုကျင့်ခြင်း | ကလေးစစ်သားအသုံးပြုခြင်း | ညှင်းပန်းနှိပ်စက်ခြင်း | မတရားအခွန်ကောက်ခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ချင်းပြည်နယ် | ၁ | | | | | | | | | | | | | ၁ | ၂ |
| ဧရာဝတီတိုင်းဒေသကြီး | | ၁ | | | | ၂ | | | | | | ၁ | ၉ | | ၁၃ |
| ကချင်ပြည်နယ် | | ၁ | ၁ | ၅ | ၁ | ၁ | ၉ | | ၁ | | ၂ | ၁ | ၈ | | ၃၀ |
| ကရင်ပြည်နယ် | | | | | | | ၂ | | | | | | ၂ | ၁ | ၅ |
| မကွေးတိုင်းဒေသကြီး | | ၁ | | | | | | ၁ | | | | | | | ၂ |
| မန္တလေးတိုင်းဒေသကြီး | | | | | | | | | | | | | ၃ | | ၃ |
| မွန်ပြည်နယ် | ၂ | ၃၈ | | | | | ၁ | ၁ | ၂ | | ၂ | ၁ | ၆ | ၄ | ၅၇ |
| ပဲခူးတိုင်းဒေသကြီး | | ၁ | | | | | ၁ | | | | | | ၄ | ၁ | ၇ |
| ရခိုင်ပြည်နယ် | | ၅ | | | | | | | | | | | | | ၅ |


| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | | ၂ | | | | ၁ | | ၁ | | | | ၃ | ၂ | | ၉ |
| စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | ၁ | | | ၁ |
| ရှမ်းပြည်နယ် | ၃ | ၁၂ | ၂ | ၅ | ၁ | ၁ | ၁၂ | | ၁ | ၁ | ၅ | ၁ | ၁၆ | ၃ | ၆၃ |
| တနင်္သာရီတိုင်းဒေသကြီး | | ၇ | | ၂ | | | ၁ | | | | | | ၂ | ၁ | ၁၃ |
| စုစုပေါင်း | ၆ | ၆၈ | ၃ | ၁၂ | ၂ | ၅ | ၂၆ | ၃ | ၄ | ၁ | ၉ | ၈ | ၅၂ | ၁၁ | ၂၀၀ |


***နောက်ဆက်တွဲ (၃)*** **လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကောက်ယူရရှိသည့်ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် လစဉ်အလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဇန်နဝါရီ – ဒီဇင်ဘာ ၂၀၁၄)**

| ပြည်နယ် / တိုင်းနှင့် လအလိုက် | ချင်းပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး | ကချင်ပြည်နယ် | ကရင်ပြည်နယ် | မကွေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး | မွန်ပြည်နယ် | ပဲခူးတိုင်းဒေသကြီး | ရခိုင်ပြည်နယ် | ရန်ကုန်တိုင်းဒေသကြီး | စစ်ကိုင်းတိုင်းဒေသကြီး | ရှမ်းပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး | Total |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | | | ၉ | | | | ၃၄ | | | | | ၅ | ၆ | ၅၄ |
| ဖေဖော်ဝါရီ | | | | | | | | | | | | ၁၇ | | ၁၇ |
| မတ် | | | ၅ | ၁ | | | | ၁ | | | | ၅ | | ၁၂ |
| ဧပြီ | | | | | | | | | | | | ၈ | | ၈ |
| မေ | | ၃ | | | | | ၅ | ၁ | | ၁ | | | ၂ | ၁၂ |
| ဇူလိုင် | ၁ | ၃ | ၆ | | | | ၂ | | ၅ | ၅ | ၁ | | | ၂၃ |
| ဩဂုတ် | | ၇ | ၇ | ၁ | | ၃ | ၄ | ၂ | | | | ၂၀ | ၁ | ၄၅ |
| စက်တင်ဘာ | | | ၁ | | | | ၆ | | | | | ၅ | ၁ | ၁၃ |
| အောက်တိုဘာ | ၁ | | | | | | | | | | | | | ၁ |
| နိုဝင်ဘာ | | | ၂ | ၂ | ၁ | | ၆ | ၃ | | ၁ | | ၃ | ၁ | ၁၉ |
| ဒီဇင်ဘာ | | | | ၁ | ၁ | | | | | ၂ | | | ၂ | ၆ |
| TOTAL | ၂ | ၁၃ | ၂၀ | ၅ | ၂ | ၃ | ၅၇ | ၇ | ၅ | ၉ | ၁ | ၆၃ | ၁၃ | ၂၀၀ |

# လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားအလိုက်
# (ဇန်နဝါရီ – ဒီဇင်ဘာ ၂၀၁၄)




လစဉ်အလိုက် လူ့အခွင့်အရေး ချိုးဖောက်မှုများ (ဇန်နဝါရီ – ဒီဇင်ဘာ ၂၀၁၄)
60
50
40
30
20
10
0
ဇန်နဝါရီ
ဖေဖော်ဝါရီ
မတ်
ဧပြီ
မေ
ဇွန်
ဇူလိုင်
ဩဂုတ်
စက်တင်ဘာ
အောက်တိုဘာ
နိုဝင်ဘာ
ဒီဇင်ဘာ


ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ (ဇန်နဝါရီ – ဒီဇင်ဘာ ၂၀၁၄)
70
60
50
40
30
20
10
0
ချင်းပြည်နယ်
ဧရာဝတီတိုင်းဒေသကြီး
ကချင်ပြည်နယ်
ကရင်ပြည်နယ်
မကွေးတိုင်းဒေသကြီး
မန္တလေးတိုင်းဒေသကြီး
မွန်ပြည်နယ်
ပဲခူးတိုင်းဒေသကြီး
ရခိုင်ပြည်နယ်
ရန်ကုန်တိုင်းဒေသကြီး
စစ်ကိုင်းတိုင်းဒေသကြီး
ရှမ်းပြည်နယ်
တနင်္သာရီတိုင်းဒေသကြီး



GPO 315
Chiang Mai 50000
Thailand

+66 (0) 53 408 149
office@nd-burma.org
www.nd-burma.org

Network for Human Rights Documentation - Burma
ND - Burma